Message Four

## ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၌ရှိသည့် ပုံမှန်နေ့ရက်များ၏ အသက်တာ

ဖတ်ရန်ကျမ်း။ ။ ရော၊၈း၂၊ ၄၊ ၆၊ ၁၁။ ဧ၊၃း၁၆-၂၁။ ဗျာ၊၂၂း၁၀-၁၁

**I. ခရစ်တော်၌ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၌ ပုံမှန်ဖြစ်သော၊ သာမန်ဖြစ်သော အတွေ့အကြုံများတွင် ပုံမှန်နေ့ရက်များ၏ အသက်တာဖြင့် ကျေနပ်နှစ်သိမ့်ရန် သင်ယူဖို့ လိုအပ်သည် - ရော၊၈း၂၊ ၆၊ ၁၀-၁၁။ ဧ၊၃း၁၆-၁၇က။**

A. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို နည်းနည်းချင်းစီ၊ တစ်နေ့ပြီးတစ်နေ့ လက်ခံရရှိပြီး၊ ဤဝေငှဖြန့်ဖြူးခြင်းကို နေးကွေးစွာ၊ ဖြည်းညင်းစွာသော နည်းလမ်း၌ တစ်ကြိမ်ပြီးတစ်ကြိမ် လက်ခံရရှိရန် လိုအပ်သည် - ၂ကော၊ ၁၃း၁၄။ မ၊၆း၁၁။ ဆာ၊၆၈း၁၉။

1. အလွန်အနည်းငယ်မျှသော ဝိညာဉ်ရေးရာအရာများသည် ကျွန်ုပ်တို့၌ အားလုံးအတွက်တစ်ကြိမ်တည်း ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာအသက်နည်းတူ ဝိညာဉ်ရေးရာအရာ အများစုမှာ တစ်ကြိမ်ပြီးတစ်ကြိမ် ထပ်ကျော့ခြင်း ရှိနေရမည် - ယော၊၆း၅၇ခ။ ၄း၁၄။ ၁ကော၊၁၀း၃-၄။

2. ဘုရားသခင်က ကျွန်ုပ်တို့ကို ပေးထားသမျှသည် ကျွန်ုပ်တို့ မခံမရပ်နိုင်ဖြစ်လောက်အောင် အားလုံးအတွက် တစ်ကြိမ်တည်းဖြင့် ပေးထားခြင်းမဟုတ်ပါ။ ထိုအစား ဘုရားဆိုင်ရာမစမှုသည် နည်းနည်းချင်းစီ ဖြစ်သည်။

B. အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားသည် ခမ်းနားကြီးကျယ်သည့်နည်းလမ်း၌မဟုတ်ဘဲ၊ သာမန်နည်းလမ်း၌ ကျွန်ုပ်တို့အတွင်းမှာ ရှိနေသည်။ ဤအကြောင်းရင်းကြောင့် ကျွန်ုပ်တို့သည် ဖြည်းဖြည်းမှန်မှန်ဖြစ်သော၊ ပုံမှန်ဖြစ်သော ခရစ်ယာန်အသက်တာကို အသက်ရှင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် အထူးဖြစ်ခြင်း နည်းပါးပြီး ပုံမှန်ဖြစ်ခြင်း များလေလေ၊ ပို၍ ကောင်းလေလေဖြစ်သည် - ကော၊၁း၂၇။ ၃း၄။ ဧ၊၃း၁၆-၁၇က။

C. သုံးပါးတစ်ပါးဘုရားက ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းမှတစ်ဆင့် ကျွန်ုပ်တို့ထံ ပေးထားသော အသက်၏အရာများအားလုံးသည် ဆိတ်ငြိမ်ကာ၊ တည်ငြိမ်ပြီး၊ ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့၏အသက်တာသည်လည်း ဆိတ်ငြိမ်ကာ တည်ငြိမ်သင့်ပေသည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ အသက်ရှင်ရန် လိုအပ်ပြီး၊ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို လက်ခံရရှိခြင်း၏ ပုံမှန်အသက်တာကို ရိုးရိုးလေး အသက်ရှင်ရန် လိုအပ်သည် - ရော၊၈း၆။ ၁သက်၊၅း၂၃။ ၂သက်၊၃း၁၆။

D. ကျွန်ုပ်တို့၏လမ်းဆုံးပန်းတိုင်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်း၌ ပုံမှန်အသက်တာကို အသက်ရှင်ရန်ဖြစ်သည်၊ အကြောင်းမှာ ကျွန်ုပ်တို့၏ခမည်းတော်က ကျွန်ုပ်တို့ကို ကိုယ်တော်၏စဉ်ဆက်မပြတ်သော ဝေငှဖြန့်ဖြူးခြင်းအောက်မှာ ပုံမှန်နည်းလမ်း၌ အသက်ရှင်စေခြင်းငှာ စီမံသတ်မှတ်ထားသောကြောင့် ဖြစ်သည် - မ၊ ၆း၁၁၊ ၃၂-၃၄။ ၂၄း၄၀-၄၁။

E. ယုံကြည်သူများအဖြစ် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းကို ယုံကြည်ခြင်းအားဖြင့် တွေ့ကြုံခံစားကြသည်။ ဘုရားသခင်က ကျွန်ုပ်တို့သည် အရာခပ်သိမ်းကို ကိုယ်တော်အပေါ် မှီခိုခြင်းအားဖြင့်၊ ကိုယ်တော်ကို အသက်အဖြစ် ယူဆောင်ခြင်းအားဖြင့် ကိုယ်တော်အား ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင် ဝေငှဖြန့်ဖြူးခွင့်ပေးခြင်းအားဖြင့် လုပ်ဆောင်စေဖို့ အလိုတော်ရှိသည် - ဧ၊၃း၁၇က။ ဟေဗြဲ၊၁၁း၁။

F. ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုင်ရာ ပုံမှန်ဖြစ်ခြင်း ရှိလာမည်ဖြစ်ကာ၊ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာသည် မည်သည့် ခမ်းနားကြီးကျယ်မှုမျှမရှိဘဲ၊ ပုံမှန်ဖြစ်ခြင်း၊ သာမန်ဖြစ်ခြင်း ရှိမည်ဖြစ်သည် - ရော၊၈း၄၊ ၆။ ဂလ၊၅း၂၂-၂၃။

**II. ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၌ ပုံမှန်နေ့ရက်များ၏ အသက်တာသည် ဘုရားဆိုင်ရာစီမံကိန်း၏ အံ့သြဖွယ်ရာ ပုံမှန်ဖြစ်ခြင်းအတိုင်းပင် ဖြစ်သည် - ၁တိ၊၁း၄။ ဧ၊၃း၉။**

A. ခရစ်တော်၏အတွေ့အကြုံများ၊ ဝိညာဉ်တော်၏အတွေ့အကြုံများ၊ သုံးပါးတစ်ပါးဘုရား၏ အတွေ့အကြုံများနှင့် ဘုရားဆိုင်ရာအသက်၏ အတွေ့အကြုံများသည် လုံးလုံး ပုံမှန်ပင် ဖြစ်သည် - အငယ်၊၁၆-၁၇က။

B. ဘုရားသခင်က ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှုနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက် မစပေးထားသည့် ဝိညာဉ်ရေးရာနှင့် ဘုရားဆိုင်ရာအရာများအားလုံးသည် ပုံမှန်ဖြစ်သည်။ သို့သော်လည်း ဤပုံမှန်အရာများသည် အံ့သြဖွယ်ရာဖြစ်ကြကာ၊

ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာစီမံကိန်း၏ အံ့သြဖွယ်ရာ ပုံမှန်ဖြစ်ခြင်းကို ပြောကြခြင်းဖြစ်သည် - ၁တိ၊၁း၄။ ဧ၊၃း၉။

C. အသစ်မွေးဖွားခြင်းသည် အကြီးမားဆုံးသော အံ့သြဖွယ်ရာဖြစ်သည်၊ သို့သော် ၎င်းသည် ပုံမှန်နည်းလမ်း၌ ဖြစ်ပျက်လာခြင်းဖြစ်သည်။ ထို့ကြောင့် အသစ်မွေးဖွားခြင်းသည် အံ့သြဖွယ်ဖြစ်သော ပုံမှန်ဖြစ်ခြင်း၊ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာရှိ အံ့သြဖွယ်သော ပုံမှန်ဖြစ်ခြင်း ဖြစ်သည် - ယော၊၃း၃၊ ၅-၆၊ ၈။ ၁ပေ၊၁း၂၃။

D. သခင်ဘုရား၏နာမတော်ကို ခေါ်ခြင်းသည် ပုံမှန်ဖြစ်ခြင်းဖြစ်သည်၊ သို့သော် ကျွန်ုပ်ခေါ်ဆိုသောအခါ ၎င်းသည် အံ့သြဖွယ်ရာဖြစ်ရခြင်းမှာ ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ စုစုပေါင်းကို လက်ခံရရှိကြခြင်း ဖြစ်သည် - ရော၊၁၀း၁၂။ ဆာ၊၁၄၅း၁၈။ ယေ၊၃၃း၃။

**III. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာစီမံကိန်း၏ အံ့သြဖွယ်သော ပုံမှန်ဖြစ်ခြင်းအတိုင်း ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၌ ပုံမှန်နေ့ရက်များ၏ အသက်တာကို အသက်ရှင်ခြင်းဖြင့် ကျေနပ်ခြင်းရှိကြလေလေ၊ ကျွန်ုပ်တို့က ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ဘုရားသခင်၏ အလယ်ဗဟိုကျသောအလုပ်ကို တုန့်ပြန်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း ရှိကြလေလေ ဖြစ်လိမ့်မည် - ဧ၊၃း၁၆-၂၁။**

A. ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းမှာ အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခံရကာ၊ ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ကျွန်ုပ်တို့၏အသက်နှင့် ကျွန်ုပ်တို့ဖြစ်ခြင်း ဖြစ်လာခြင်းပင် ဖြစ်သည် - ၁တိ၊၁း၄။ ၂ကော၊၁၃း၁၄။ ဧ၊၃း၁၆-၁၇က၊ ၂၁။ ရော၊၈း၉-၁၀၊ ၆၊ ၁၁။

B. ဘုရားသခင်၏ထာဝရအကြံအစည်တော်မှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏အသက်နှင့် ကျွန်ုပ်တို့၏အရာခပ်သိမ်းအဖြစ် ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ရန်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏ပုဂ္ဂိုလ်အဖြစ် ယူဆောင်၍၊ ကိုယ်တော်ကို အသက်ရှင်မည်၊ ကိုယ်တော်ကို ထင်ရှားစေမည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင့်စိတ်နှလုံးတော်အလိုဆန္ဒဖြစ်ကာ၊ သမ္မာကျမ်းစာ၏ ဗဟိုပြုသည့်အချက်ဖြစ်သည် - ဧ၊၁း၉။ ၃း၁၁။ ဖိ၊၁း၂၀-၂၁က။

C. ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏အလိုဆန္ဒမှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ရန်၊ မိမိကိုယ်တော်တိုင်ဖြင့် ကျွန်ုပ်တို့ကို စေ့စပ်ထုံးဖွဲ့ပေးရန်ဖြစ်ကြောင်း၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထာဝရဖြစ်သော၊ ပြီးမြောက်ပြည့်စုံသော စုပေါင်းထားသည့် ထင်ရှားခြင်းဖြစ်လာနိုင်မည်ဖြစ်ကြောင်း မြင်ရန် လိုအပ်သည် - ၂ကော၊၅း၁၇၊ ၂၁။ ဗျာ၊၂၁း၁၀-၁၁။

D. ဘုရားသခင်၏စီမံကိန်းသည် တစ်ခုတည်းသောအရာအပေါ် ဗဟိုပြုထားသည် - ယင်းမှာ ဘုရားသခင်၏အလယ်ဗဟိုကျသောအလုပ်၊ ကိုယ်တော်၏အတုမဲ့သောအလုပ် ဖြစ်သည် - ယော၊၅း၁၇။ ၄း၃၄။ ဖိ၊၁း၆။ ၂း၁၃။ ၁ကော၊၁၅း၅၈။ ၁၆း၁၀က။

1. စကြဝဠာ၌လည်းကောင်း၊ ခေတ်ကာလများနှင့် မျိုးဆက်များတစ်လျှောက်မှာလည်းကောင်း ဘုရားသခင်၏အလယ်ဗဟိုကျသောအလုပ်မှာ ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကိုယ်တော်၏ရွေးချယ်ခံလူများအထဲသို့ လုပ်ဆောင်ရန်၊ မိမိကိုယ်တော်တိုင်ကို သူတို့နှင့်အတူ တစ်လုံးတစ်ဝဖြစ်စေရန် ဖြစ်သည် - ဂလ၊၄း၁၉။ ဧ၊၃း၁၇က။
2. ဘုရားသခင်၏အကြံအစည်တော်မှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အသက်နှင့် ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ဖြစ်စေခြင်းငှာ ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ရန်၊ မိမိကိုယ်တော်ကို ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကျွန်ုပ်တို့၏အတွင်းပိုင်းဒြပ်သဘာဝများဖြစ်စေရန် ဖြစ်သည်။
   a. ဤအကြံအစည်တော်သည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်ပြီး၊ ဤအကြံအစည်တော်မပါရှိပါက ခရစ်ယာန်အသက်တာသည် အဓိပ္ပာယ်မဲ့ ဖြစ်သည် - ဗျာ၊၄း၁၁။
   b. ဤနည်းလမ်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝဖြစ်လာ၍၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်လာကြသည်။ ထိုနောက် ကိုယ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်လျက်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်ရှင်ကာ၊ စုပေါင်းထားသောနည်းလမ်း၌ ကိုယ်တော်ကို ထင်ရှားခြင်းရှိစေကြသည် - ယော၊၁၄း၁၉ခ။ ဂလ၊၂း၂၀။ ဖိ၊၁း၂၁က။
   c. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာစီမံကိန်း၏ အံ့သြဖွယ်ရာ ပုံမှန်ဖြစ်ခြင်းအတိုင်း ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်း၌ ပုံမှန်နေ့ရက်များ၏အသက်တာကို အသက်ရှင်ကြစဉ်၊ ကျွန်ုပ်တို့က ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ဘုရားသခင်၏အလယ်ဗဟိုကျသောအလုပ်ကို တုန့်ပြန်ကြမည်၊ ပူးပေါင်းလုပ်ဆောင်ကြလိမ့်မည်ဖြစ်သည် - ရော၊၈း၂၊ ၄၊ ၆၊ ၁၁။ ဧ၊၃း၁၄-၂၁။